**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**

**ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန**

**ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**

**(ရေကြောင်းအန္တရာယ်ကင်းရှင်းရေး၊ လုံခြုံရေးနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဌာနခွဲ )**

စာအမှတ်၊ SSE/NM/၀၀၇ / ၂၀၁၇
ရက်စွဲ၊ ၂၀၁၇ - ခုနှစ်၊ မတ်လ ( ဝ် ) ရက်။

အကြောင်းအရာ။ ။ **ရေကြောင်းသတိပေးချက် ထုတ်ပြန်ခြင်းကိစ္စ။**

ရည် ညွှန်း ချက် ။ ။ (၀၆.၀၃.၂၀၁၇) ရက်နေ့တွင် ပေးပို့သော Noble Marine Management Co.,Ltd. ၏ စာအရ

၁။ အထက်အကြောင်းအရာပါကိစ္စနှင့်ပတ်သက်၍ MV DONG THIEN PHU SILVER ရေယာဉ်ဖော်ယူရေးအတွက် MT LANPAN 26 WITH CRANE BARGE-HONG BANG-6 နှင့် MT LANPAN 23 WITH FLAT BARGE CREST 282 ရေယာဉ်တို့မှ ဖော်ယူသွားမည် ဖြစ်ပါသည်။

၂။ အဆိုပါရေယာဉ်နှစ်စီးသည် သင်္ဘောပျက် တည်ရှိရာ LAT-16 Deg 11 Min N, LONG - 096 Deg 19.5 Min E သို့ (၀၇.၀၃.၂၀၁၇) ရက်နေ့၊ နံနက် (၀၆း၀၀)နာရီတွင် ရောက်ရှိမည် ဖြစ်ပါသည်။ YANGON PILOT BOARDING GROUND အနီးတွင် ဖြစ်ပါသည်။ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ ဦးဆောင်သော အဝင်ရှင်းလင်းရေး လုပ်ငန်းများပြီးစီးသည့်နောက် အမြန်ဆုံးလုပ်ငန်းစတင်မည် ဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ (၀၈.၀၃.၂၀၁၇) ရက်နေ့မှစ၍ HONG BANG-6 သည် ANCHOR ၆- လက်ချ၍ နေရာယူရမည် ဖြစ်ပါသဖြင့် Wreck နေရာ၏ ရေမိုင် (၁) မိုင်ပတ်လည်အတွင်း သင်္ဘောကြီးငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗာန်များ ဖြတ်သန်းသွားလာခြင်းနှင့် ကျောက်ချရပ်နားခြင်း၊ ငါးဖမ်းခြင်း၊ ငါးဖမ်းကိရိယာများ ချထားခြင်းမရှိစေရန် ရေကြောင်းသတိပေးချက် (Notice to Mariners) အား ထုတ်ပြန်ကြေညာအပ်ပါသည်။

ညွှန်ကြားရေးမှူးချုပ်(ကိုယ်စား)
ခင်ဦး-လက်ထောက်ညွှန်ကြားရေးမှူး(SSE)